# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်
## သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၁၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ၂၀၁၂ခုနှစ်၊ ဇွန်လ၂၇ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခြင်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ကြိုဆိုပါသည်။

၂။ မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ခုနှစ်တွင် ဖွဲ့စည်းပြီး ဆောင်ရွက်လျက် ရှိပါသည်။ ကော်မတီအနေဖြင့် စောင့်ကြည့်ရေး နှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသည်ဖြင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်းပါဝင်ပါသည်။

၃။ အဆိုပါကော်မတီသည် မိမိ၏ ဆောင်ရွက်ချက်များကို ထင်သာမြင်သာရှိစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ သံရုံးများနှင့် စစ်သံရုံးများမှ အကြီးအကဲများ နှင့် ကိုယ်စားလှယ်များကို ဖိတ်ကြားကာ စစ်သားစုဆောင်းရေးတပ် နှင့် လေ့ကျင့်ရေးကျောင်း တို့သို့ လေ့လာနိုင်ရန် အကြိမ်ကြိမ် စီစဉ်ပေးခဲ့သည်ကို သိရှိရပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂတို့အကြား လုပ်ငန်းစီမံချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခြင်းသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းတွင် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ထိရောက်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံရေးဆန္ဒပြသရာ ရောက်သည်ဟု ကော်မရှင်က ယုံကြည်ပါသည်။

၅။ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာ မျက်နှာစာတွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြင့်မားစေမည့် လုပ်ငန်းတစ်ရပ်ဖြစ်ရာ ကုလသမဂ္ဂအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်မည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က မျှော်လင့်ပါ သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၂ခုနှစ်၊ဇူလိုင်လ၂ရက်